လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
Ministry of Social Welfare, Relief and Resettlement
Office No. (23), Nay Pyi Taw

Monthly Newsletter သတင်းလွှာ June 2024

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းအား မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA) ၏ အကြီးအကဲဖြစ်သူ Mr. Sajjad Mohammad Sajid မှ လာရောက်တွေ့ဆုံခြင်း



**၂၀၂၄ခုနှစ်၊ ဇွန်လ (၂၆)ရက်** **နေပြည်တော်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းအား မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှု ဆိုင်ရာညှိနှိုင်းရေးရုံး (UNOCHA) ၏ အကြီးအကဲဖြစ်သူ Mr. Sajjad Mohammad Sajid ဦးဆောင်သောအဖွဲ့သည် ၂၀၂၄ ခုနှစ်၊ ဇွန်လ(၂၆)ရက်နေ့တွင် ဝန်ကြီးဌာန၊ မေခလာခန်းမ၌ လာရောက်တွေ့ဆုံခဲ့ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် UNOCHA တို့အကြား သဘောတူညီမှုစာလွှာလက်မှတ်ရေးထိုးရန် ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်အခြေအနေများ၊ UNOCHA မှ နိုင်ငံခြားသား ဝန်ထမ်းများ၏ ပြည်ဝင်ခွင့်ကိစ္စရပ်များနှင့် တိုင်းဒေသကြီး/ ပြည်နယ်များသို့ ခရီးသွားလာခွင့်ကိစ္စရပ်များ၊ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး ကိစ္စရပ်များနှင့် UNOCHA က ဆောင်ရွက်မည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်ရေးလုပ်ငန်းအစီအစဉ်ရေးဆွဲရာတွင် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် ကြိုတင်ညှိနှိုင်း ဆောင်ရွက်ရန်တို့ကို ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပါသည်။

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့ပူးပေါင်း၍ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးခြင်း



**၂၀၂၄ခုနှစ်၊ ဇွန်လ (၃)ရက်** **နေပြည်တော်**

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတို့ ပူးပေါင်း၍ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားကို (၃-၆-၂၀၂၄) ရက်နေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက အဂတိဆိုသည်မှာ အကျင့်စာရိတ္တ ပျက်စီးခြင်း ဖြစ်ပါကြောင်း၊ အဂတိလိုက်စားမှုများသည် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို ကျဆင်းစေပြီး နိုင်ငံ၏ အုပ်ချုပ်ရေးယန္တရား၊ စီးပွားရေးလုပ်ငန်းများ အပါအဝင် ဘက်ပေါင်းစုံကိုယိုယွင်းပျက်စီးစေနိုင်ပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံအများစုတွင် သန့်ရှင်းသော အစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ် ကျင့်သုံး လျက်ရှိသည်ကို လေ့လာတွေ့ရှိနိုင်ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်း များအနေဖြင့် အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း များ ဆောင်ရွက်ရာတွင် ဖြောင့်မတ် တည်ကြည်မှုရှိရန်၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိရန်၊ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ရန်၊ ကျောသား ရင်သား မခွဲခြားဘဲ မျှတစွာ ဆောင်ရွက်ရန်၊ စိတ်ကောင်းစေတနာကောင်း ထားရှိရန် နှင့် မိမိတာဝန် မိမိကျေပွန်စွာ ထမ်းဆောင်ကြရန်၊ အဂတိ လိုက်စားမှုကို ရှောင်ကြဉ်ကြရန်လိုကြောင်း၊ ယနေ့ အခမ်းအနားသို့ တက်ရောက်လာကြသည့် ဝန်ထမ်းများ အနေဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ် တွင် ပါဝင်ဆောင်ရွက်ကြရန်နှင့် မိမိအကျိုးနှင့် အများအကျိုး ဆောင်ရွက်ရာတွင် အဂတိလိုက်စားမှုကင်းဝေးကြစေရေး ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားခဲ့ပါသည်။



ထို့နောက် ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးလင်း

ခေါင်းဆောင်၍ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အဖွဲ့ (Corruption Prevention Unit – CPU) များနှင့် တွေ့ဆုံကာ တားဆီးကာကွယ်ရေး အဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အတွေ့အကြုံများ၊ အားသာချက်၊ အားနည်းချက်များ၊ သုံးသပ်တင်ပြချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြပါသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ရှမ်းပြည်နယ်၊ ဟိုပုံးမူလတန်းကြိုကျောင်း၊ ဘေးအန္တရာယ်ဆိုင်ရာအသိပညာပေး စင်တာနှင့် သိုလှောင်ရုံတို့သို့ သွားရောက်စစ်ဆေးခြင်း



**၂၀၂၄ခုနှစ်၊ ဇွန်လ (၆)ရက်** **ရှမ်းပြည်နယ်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် တာဝန်ရှိသူများလိုက်ပါလျက် ၂၀၂၄ ခုနှစ်၊ ဇွန်လ(၆)ရက်နေ့တွင် ရှမ်းပြည်နယ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့သို့သွားရောက်၍ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ အသိပညာပေးစင်တာနှင့် ကယ်ဆယ်ရေးပစ္စည်း သိုလှောင်ရုံတို့ကို ကြည့်ရှုစစ်ဆေးခဲ့ရာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်ပိုင်အဆောက်အဦးနှင့် ရေ၊ မီး၊ မိလ္လာ၊ အဆောက်အအုံ အစရှိသည်တို့ကို စနစ်တကျထိန်းသိမ်းသုံးစွဲကြရန်၊ စင်တာအတွင်းအပြင် သန့်ရှင်းသပ်ရပ်စေရေးနှင့် မီးဘေးလုံခြုံရေး အမြဲမပြတ်ဆောင်ရွက်ကြရန်၊ ဝန်းခြံအတွင်း အရိပ်ရအပင်နှင့် ရာသီအလိုက် အလှပင်၊ သီးပင်၊ စားပင်များ စိုက်ပျိုးထားရှိရန်နှင့် ထောက်ပံ့မှုလုပ်ငန်းများကိုလည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ထိရောက်မြန်ဆန်စွာဖြင့် ပြည်သူများသို့ ဝန်ဆောင်မှုပေးရန်တို့ကို မှာကြားခဲ့ပါသည်။



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းမှ ရှမ်းပြည်နယ်၊ ဆီဆိုင်မြို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ထောက်ပံ့မှုလုပ်ငန်းများ သွားရောက်ဆောင်ရွက်ခြင်း



**၂၀၂၄ခုနှစ်၊ ဇွန်လ (၇)ရက်** **ရှမ်းပြည်နယ်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် တာဝန်ရှိသူများလိုက်ပါလျက် ၂၀၂၄ ခုနှစ်၊ ဇွန်လ (၇) ရက်နေ့တွင် ရှမ်းပြည်နယ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဆီဆိုင်မြို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေ၊ ယာယီဈေးဖွင့်လှစ် ရောင်းချနေမှု၊ ဆီဆိုင်မြို့ အထက်တန်းကျောင်းတွင် ကျောင်းသားကျောင်းသူများ ပညာသင်ကြားနေမှု၊ ဆီဆိုင်မြို့ ပြည်သူ့ဆေးရုံပြုပြင်ရန် ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုခဲ့ပြီး ဆီဆိုင်မြို့ဇဝနရာမကျောင်းတိုက်သို့ သွားရောက်ကာ ဆီဆိုင်မြို့ပေါ် ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများသို့ ပြန်လည်ရောက်ရှိ နေထိုင်လျက်ရှိကြသော ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံခဲ့ကြရာ ပြည်ထောင်စုဝန်ကြီးက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့သော (၁)လစာဆန်ရိက္ခာ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ထောက်ပံ့သော ကယ်ဆယ်ရေးပစ္စည်းများ၊ ငါးသေတ္တာဗူးနှင့် ခေါက်ဆွဲခြောက်များ၊ သေဆုံးသူနှင့် ဒဏ်ရာရသူများအတွက် ထောက်ပံ့ကြေးငွေများ၊ ကိုယ်ဝန်ဆောင်မိခင်နှင့် အသက်(၃)နှစ်အထိ ကလေးငယ်များ၊ အသက်(၇၅)နှစ်နှင့်အထက် ဘိုးဘွားများ၊မသန်စွမ်းသူများစသည့် ထိခိုက်လွယ်အုပ်စုများအတွက် ထောက်ပံ့ငွေများ စုစုပေါင်း ကျပ်သိန်း (၂၉၂၃.၄) တန်ဖိုးရှိငွေနှင့်ပစ္စည်းများကို ပေးအပ်ခဲ့ပါသည်။

ရှမ်းပြည်နယ် ဝန်ကြီးချုပ်က ဆီဆိုင်မြို့နယ်အတွင်း တာဝန်ထမ်းဆောင်နေသော ဌာနဆိုင်ရာဝန်ထမ်းများ၊ မီးသတ်၊ရဲတပ်ဖွဲ့ဝင်များနှင့် တပ်မတော်သားမိသားစုများ အတွက် ဆီ၊ဆား၊ ကြက်သွန်၊ အာလူး၊ ငါးသေတ္တာအစရှိသည့် စားသောက်ကုန်များ၊ ထိခိုက်ပျက်စီးခဲ့သော မဲနယ်တောင်တန်းဒေသ ကျေးရွာများအား လျှပ်စစ်မီး

ရရှိရေး၊ ဆီဆိုင်မြို့ရေပေးဝေရေး လုပ်ငန်းများ၊ ယာယီဈေး ပြန်လည်တည်ဆောက်ရန်နှင့် ထိခိုက်ပျက်စီးခဲ့သော လူနေအိမ်များပြုပြင်ရန် လုပ်ငန်းများအတွက် ရှမ်းပြည်နယ် အစိုးရအဖွဲ့က ထောက်ပံ့ငွေကျပ်သိန်း (၇၀၅၅.၅၈)တို့ကို တာဝန်ရှိသူများနှင့် ဘေးသင့်ပြည်သူများသို့ ပေးအပ် ထောက်ပံ့ပါသည်။



နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက

ဆီဆိုင်မြို့ပေါ်ရပ်ကွက်များနှင့် ပတ်ဝန်းကျင် ကျေးရွာများ ရှိ ပျက်စီးသွားသော လူနေအိမ်(၆၃၇)လုံး ပြုပြင်ရန်အတွက် ပျက်စီးမှုအပေါ်မူတည်ကာ အုပ်စုခွဲခြား၍ နယ်စပ်ရေးရာ ဝန်ကြီးဌာနက ပထမအကြိမ်ကနဦးထောက်ပံ့ငွေကျပ်သိန်း (၄၆၀)၊ ဒုတိယအကြိမ်ထောက်ပံ့ငွေ ကျပ်သိန်း(၃၉၆၁)၊ စုစုပေါင်းကျပ်သိန်း(၄၄၂၁)ကို ဒေသဦးစီးအဖွဲ့နှင့် တာဝန်ရှိ သူများသို့ လွှဲပြောင်း ထောက်ပံ့ပါသည်။

ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးတို့သည် ပြန်လည်ဝင်ရောက် နေထိုင်သည့် ဒေသခံပြည်သူများကို တွေ့ဆုံကာ အားပေးစကားများ ပြောကြားခဲ့ကြပြီး လိုအပ်သည်များ မေးမြန်း၍ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ပါသည်။

**ဒုတိယဝန်ကြီး ဦးစိုးကြည်၊ ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်လူမှုဝန်ထမ်းရုံး၊ လူငယ် အားမာန်သင်တန်းကျောင်း၊ မူလတန်းကြိုကျောင်း၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ လပွတ္တာခရိုင်ဦးစီးမှူးရုံး၊ မြောင်းမြခရိုင်ဦးစီးမှူးရုံးနှင့် မြောင်းမြခရိုင်လူမှုဝန်ထမ်းရုံးတို့အား ကြည့်ရှုစစ်ဆေးခြင်း**

**၂၀၂၄ခုနှစ်၊ ဇွန်လ (၁၃)ရက်** **ဧရာဝတီတိုင်းဒေသကြီး**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးကြည်သည် ၂၀၂၄ခုနှစ်၊ ဇွန်လ(၁၃)ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင် လူမှုဝန်ထမ်းရုံးသို့ ရောက်ရှိခဲ့ပြီး ရုံးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများ၊ နိုင်ငံ့ဘဏ္ဍာငွေများ သုံးစွဲရာတွင် ပြဋ္ဌာန်းထားသော ဘဏ္ဍာရေးစည်းမျဉ်းများ နှင့်အညီ သုံးစွဲရေး၊ ရုံးအဆောက်အဦများ သန့်ရှင်းသပ်ရပ် စေရေး၊ လုံခြုံရေးကို ဂရုစိုက်ဆောင်ရွက်ရေးနှင့် လပွတ္တာ ခရိုင်အတွင်းရှိ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ပထမ(၃)လပတ် အတွက် အသက် (၈၅) နှစ်နှင့်အထက် ဘိုး/ဘွားများအား လူမှုရေးပင်စင် ထောက်ပံ့နိုင်ရေး၊ ကိုယ်ဝန်ဆောင်မိခင် များနှင့် ၎င်းတို့မှမွေးဖွားလာသော အသက် (၂) နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့နိုင်ရေးအတွက် စာရင်းကောက်ယူမှု အခြေအနေများနှင့် အကျုံးဝင်သူများ ကျန်ရစ်မှုမရှိစေရေး စနစ်တကျစာရင်းသွင်း ဆောင်ရွက် ရန်တို့ကို မှာကြားခဲ့ပါသည်။



ထို့နောက် ဒုတိယဝန်ကြီးသည် လပွတ္တာလူငယ်

အားမာန်သင်တန်းကျောင်းသို့သွားရောက်ပြီး ကျောင်းသား/ ကျောင်းသူများ၏ ပညာသင်ကြားမှု အခြေအနေများ၊ ကျန်းမာရေးစောင့်ရှောက်မှုများ၊ အသက်မွေးဝမ်းကြောင်း ပညာရပ်များ သင်ကြားနေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ပါသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် လပွတ္တာ မူလတန်းကြိုကျောင်းသို့ သွားရောက်ပြီး လူငယ်ကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ် သည့် ကလေးများ၏ ကာယ၊ ဉာဏ၊ စာရိတ္တများတိုးတက် ကောင်းမွန်စေရေး၊ အများနှင့်လိုက်လျောညီထွေ နေထိုင် တတ်ပြီး အများအကျိုးသယ်ပိုးလိုစိတ်၊ တိုင်းပြည်ချစ်စိတ် များရှိလာအောင် လေ့ကျင့်ပျိုးထောင်ပေးရေး၊ ကလေး များအား ယခုအရွယ်မှစ၍ အချင်းချင်း စည်းစည်းလုံးလုံး ပူးပေါင်းဆောင်ရွက်တတ်သည့် အခြေခံအလေ့ကျင့်ကောင်း များကို စနစ်တကျသင်ကြား လေ့ကျင့်ပေးရေးမှာ ကြားခဲ့ ပြီး ကလေးများ၏ သင်ယူရန်နေရာများ၊ ကစားကွင်းနေရာ များ၊ ချက်ပြုတ်ကျွေးမွေးရာနေရာများ၊ ကျန်းမာရေး နှင့်အညီ စောင့်ရှောက်ထားရှိမှုအခြေအနေများကို ကြည့်ရှု စစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက် ပေးခဲ့ပါသည်။

ဆက်လက်၍ လူမှုဝန်ထမ်းဦးစီးဌာန၊ မြောင်းမြ ခရိုင် လူမှုဝန်ထမ်းရုံး၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန၊ မြောင်းမြခရိုင်ဦးစီးမှူးရုံးနှင့် လပွတ္တာခရိုင် ဦးစီးမှူးရုံးများသို့ ရောက်ရှိခဲ့ပြီး အဆောက်အဦနှင့် ဌာနပိုင် ပစ္စည်းများ စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ရေး၊ ဘေးအန္တရာယ် ကျရောက်လာပါက လိုအပ်သည့်နေရာ များသို့ ကယ်ဆယ်ရေးပစ္စည်းများ အချိန်မီပို့ပေးနိုင်ရေး၊ ဘေးသင့်ပြည်သူများ၏ လတ်တလော စားဝတ်နေရေး လိုအပ်ချက်များအတွက် ဖြည့်ဆည်းပေးရန် ထားရှိသည့် ကယ်ဆယ်ရေးပစ္စည်းများ ပျက်စီး၊ ပျောက်ဆုံး၊ လေလွင့် ဆုံးရှုံးမှုမဖြစ်ပေါ်စေရေးနှင့် ပစ္စည်းများ သက်တမ်းပြည့် သိုလှောင်ထားရှိနိုင်ရေးအတွက် ညွှန်ကြားချက်များနှင့် အညီ လိုက်နာဆောင်ရွက်ရေး ရုံးတွင်း၊ ရုံးပြင်သန့်ရှင်းမှု အခြေအနေများ၊ နိုင်ငံ့ဘဏ္ဍာငွေများ သုံးစွဲရာတွင် ပြဋ္ဌာန်း ထားသော ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ သုံးစွဲရေးနှင့် ပြည်သူလူထုအသိပညာပေးသင်တန်းများကိုလည်း ထိရောက်စွာ ဆောင်ရွက်ရေးတို့ကို မှာကြားခဲ့ပါသည်။

## လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာ သတင်းအချက်အလက်စနစ် (Social Management Information System-SMIS) Database Training လက်တွေ့အသုံးပြုခြင်းဆိုင်ရာသင်တန်း” ဖွင့်လှစ်ခြင်း




**၂၀၂၄ခုနှစ်၊ ဇွန်လ (၁၇)ရက်** **နေပြည်တော်**

လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာ သတင်းအချက်အလက်စနစ် (Social Management Information System-“SMIS Database Training လက်တွေ့အသုံးပြုခြင်းဆိုင်ရာ သင်တန်း” ဖွင့်ပွဲအခမ်းအနားကို ၂၀၂၄ ခုနှစ်၊ ဇွန်လ (၁၇)ရက်နေ့တွင် နေပြည်တော်၊ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပပြုလုပ်ရာ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဒေါက်တာ စိုးဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့ဝန်ကြီးဌာနသည် မြန်မာနိုင်ငံအမျိုးသားအဆင့် လူမှုကာကွယ်စောင့်ရှောက်ရေး မဟာဗျူဟာစီမံချက်တွင် ပါဝင်သည့် အဓိက လုပ်ငန်းစဉ်များမှ အကျိုးခံစားခွင့်ရှိသူများအား Digital Platform ဖြင့် စာရင်းထည့်သွင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ တပ်မတော်(ကြည်း၊ရေ၊လေ)၊သတင်းနည်းပညာဌာနမှ နည်းပညာအပြည့်အဝ အကူအညီပေးမှုဖြင့် SMIS Software ကို ရေးဆွဲခဲ့ပါကြောင်း၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်(၂)နှစ်အောက် ကလေးသူငယ်များ ငွေကြေးထောက်ပံ့ခြင်းအစီအစဉ် (MCCT)၊ လူမှုရေးပင်စင်အစီအစဉ် (Social Pension) နှင့် လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲမှု (Case Management) အစီအစဉ်(၃)ရပ်ကို အောင်မြင်စွာ ရေးဆွဲနိုင်ခဲ့ပြီး မသန်စွမ်းမှုဆိုင်ရာစီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ် (Disability Management Information System-DMIS) ရေးဆွဲ ဆောင်ရွက်မှုအနေဖြင့် (၆၆%)အထိ ရေးဆွဲပြီးစီးပြီးဖြစ်ပါကြောင်း၊ အကျိုးခံစားသူများ၏အချက်အလက်များကို SMIS စနစ်အတွင်းသို့ Data Migration ပြုလုပ်ဆောင်ရွက်နိုင်ရန်နှင့် SMIS စနစ်စမ်းသပ်အသုံးပြုနိုင်ရန်အတွက် ၂၀၂၃-၂၀၂၄ဘဏ္ဍာရေးနှစ်တွင် MCCT အစီအစဉ်အတွက် သင်တန်း (၂) ကြိမ်ဖွင့်ခဲ့ပြီး သင်တန်းသား/သူစုစုပေါင်း (၂၀၈) ဦး၊ Social Pension အစီအစဉ်အတွက် သင်တန်း (၂) ကြိမ် ဖွင့်ခဲ့ပြီး သင်တန်းသား/သူစုစုပေါင်း (၂၀၁)ဦးကို လေ့ကျင့်သင်ကြားလျက် Data များရေးသွင်းနိုင်ခဲ့ကြောင်း၊ SMIS software ကို ယခုကဲ့သို့ လက်တွေ့အသုံးချပြီးဆောင်ရွက်နိုင်ရန် နည်းပညာပိုင်းဆိုင်ရာ အပြည့်အဝကူညီပေးခဲ့သော ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ တပ်မတော်(ကြည်း၊ရေ၊လေ)၊သတင်းနည်းပညာဌာနကိုလည်း ကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့ပါသည်။

## လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ၂၀၂၄ ခုနှစ်၊ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကျင်းပပြုလုပ်ခြင်း



**၂၀၂၄ခုနှစ်၊ ဇွန်လ (၂၀)ရက်** **နေပြည်တော်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ၂၀၂၄ ခုနှစ်၊ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ၂၀၂၄ ခုနှစ်၊ ဇွန်လ (၂၀) ရက်နေ့တွင် ဇမ္ဗူသီရိမြို့နယ်၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းနှင့်ဇနီး၊ဒုတိယဝန်ကြီး ဦးစိုးကြည်နှင့် ဇနီး၊ အမြဲတမ်းအတွင်းဝန်နှင့် ဇနီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များက မန်ကျည်းပင်များကို သတ်မှတ်နေရာများတွင် ဦးဆောင်စိုက်ပျိုးပေးခဲ့ပြီး ဝန်ကြီးဌာနရှိ အရာထမ်း၊ အမှုထမ်းများက သတ်မှတ်နေရာအသီးသီးတွင် မန်ကျည်းပင်များ စိုက်ပျိုးပေးခဲ့ကြပါသည်။

## လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၄) ကျင်းပခြင်း




**၂၀၂၄ခုနှစ်၊ ဇွန်လ (၂၆)ရက်** **နေပြည်တော်**

လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာလုပ်ငန်းကော်မတီ၏လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၄)ကို ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ၂၀၂၄ ခုနှစ်၊ ဇွန်လ(၂၆)ရက်နေ့တွင် လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာလုပ်ငန်းကော်မတီ၊ ဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ ဦးစိုးကြည် ဦးဆောင်၍ ကျင်းပဆောင်ရွက်ခဲ့ရာ လုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို ကျင်းပဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းကော်မတီဝင်ဌာနများ၊ အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအားကောင်းလာပြီး လူကုန်ကူးခံရသူများကို အရည်အသွေးပြည့်ဝသည့် ဝန်ဆောင်မှုများပေးနိုင်ဖို့ဖြစ်ပါကြောင်း၊ မိမိတို့ လုပ်ငန်းကော်မတီအနေဖြင့် ၂၀၂၄ ခုနှစ်၊ လုပ်ငန်းစီမံချက်ပါ ကဏ္ဍအလိုက်ဆောင်ရွက်ရမည့်လုပ်ငန်းများအနက် လုပ်ငန်းရပ် (၂၅)ခုကို အဓိကတာဝန်ယူ အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ပြီး ၂၀၂၄ခုနှစ်၊ ဇန်နဝါရီလမှ ဇွန်လအထိ (၆)လအတွင်း လုပ်ငန်းရပ်(၁၄)ခုကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ အတည်ပြုပြီးဖြစ်သော "လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်

ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ အမျိုးသားအဆင့် စံလုပ်ငန်းအစီအစဉ်" (National SoPs) ကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေးဆောင်ရွက်ရန်နှင့် သက်ဆိုင်ရာဌာနများအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် စံလုပ်ငန်းအစီအစဉ်ပါ လုပ်ငန်းစဉ်များအတိုင်း ဂရုပြုလိုက်နာဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ မိမိတို့လုပ်ငန်းကော်မတီမှ ဆက်လက်အကောင်အထည်ဖော်ရမည့် ၂၀၂၄ ခုနှစ် လုပ်ငန်းစီမံချက်ပါ လုပ်ငန်းများကို ကျန်ရှိသည့် (၆) လတာကာလအတွင်း ရာနှုန်းပြည့်အောင်မြင်အောင် ပူးပေါင်း ဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက်တက်ရောက်လာသူများမှ သက်ဆိုင်ရာဌာနအလိုက် ဆောင်ရွက်ချက်၊ အကြံပြုချက်၊ အားသာချက်၊ အားနည်းချက်များကို ဆွေးနွေးခဲ့ကြပြီး အစည်းအဝေးဆုံးဖြတ်ချက် (၁၄) ချက်ချမှတ်ခဲ့ပါသည်။

## ဌာနတွင်း ဝန်ထမ်းများ စွမ်းဆောင်ရည်မြင့်မားစေရေးနှင့် ရုံးလုပ်ငန်းများ လျင်မြန်ချောမွေ့စွာ ဆောင်ရွက်နိုင်စေရေး ရည်ရွယ်၍ Microsoft Excel (Basic) သင်တန်းဖွင့်လှစ်ခြင်း

**၂၀၂၄ခုနှစ်၊ ဇွန်လ (၁၀)ရက်** **နေပြည်တော်**



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ရုံးချုပ်ရှိ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားစေရေးနှင့် ရုံးလုပ်ငန်းများ လျင်မြန်ချောမွေ့စွာဆောင်ရွက်နိုင်စေရေး ရည်ရွယ်၍ ဌာနတွင်း Microsoft Excel (Basic) သင်တန်းဖွင့်ပွဲ အခမ်းအနားအား ယနေ့နံနက် (၀၉း၃၀) နာရီအချိန်တွင် လူမှုဝန်ထမ်းဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ သင်တန်းဖွင့်ပွဲအခမ်းအနား၌ လူမှုဝန်ထမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး သင်တန်းသို့ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဌာနခွဲများမှ ညွှန်ကြားရေးမှူးများ၊ နည်းပြများနှင့် သင်တန်းသား/သူများတက်ရောက်ခဲ့ကြပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ကျင်းပပြုလုပ်သည့် Microsoft Excel (Basic) သင်တန်းသို့ ရုံးချုပ်၊ ဌာနခွဲများမှ သင်တန်းသား/သူ (၂၀)ဦးဖြင့် (၁၀-၆-၂၀၂၄ ရက်မှ ၁၄-၆-၂၀၂၄ ရက်ထိ) (၅)ရက်တာ ဖွင့်လှစ် သင်ကြားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

## ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာလုပ်ငန်းကော်မတီအစည်းအဝေး (၂/၂၀၂၄)ကျင်းပခြင်း

**၂၀၂၄ခုနှစ်၊ ဇွန်လ (၁၁)ရက်** **နေပြည်တော်**

ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီအစည်းအဝေး(၂/၂၀၂၄)ကို (၁၁.၆.၂၀၂၄) ရက်၊ နေ့လယ်(၁၃း၀၀)နာရီတွင်နေပြည်တော်ရှိလူမှုဝန်ထမ်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး

ချုပ် ဒေါက်တာစန်းစန်းအေး၊ ဒုတိယဥက္ကဋ္ဌကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးတင်စိုးနှင့် သက်ဆိုင်ရာဌာနဆိုင်ရာများမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြပါသည်။



အဆိုပါအစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌက အမျိုးသားအဆင့်လုပ်ငန်းစီမံချက် အကောင်အထည်ဖော်မှု ဒုတိယ(၁)နှစ်သက်တမ်း၏ ဒုတိယ(၆)လပတ်လုပ်ငန်း ဆောင်ရွက်မှု အစီရင်ခံစာ၏ ကောက်နုတ်ချက်ကို နိုင်ငံခြားရေးဝန်ကြီးဌာနမှ တစ်ဆင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်ရုံးသို့ ပေးပို့နိုင်ခဲ့ပါကြောင်း၊ (၁၀.၁၁.၂၀၂၃) ရက်မှ စတင်သည့် တတိယ(၁)နှစ်သက်တမ်း၏ ပထမ(၆)လပတ်လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးသို့ တင်ပြနိုင်ရေးအတွက် အစီရင်ခံစာ (မူကြမ်း) အပေါ် လုပ်ငန်းကော်မတီဝင်များ၏ အကြံပြုဆွေးနွေးချက်များဖြင့် ပြင်ဆင်ဖြည့်စွက်၍ အမျိုးသားအဆင့်ကော်မတီသို့ တင်ပြမှာဖြစ်ပါကြောင်း၊ အမျိုးသားအဆင့်လုပ်ငန်းစီမံချက်ကာလ တတိယသက်တမ်းသည် ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၁၀)ရက်မှာ တစ်နှစ်ပြည့်မည်ဖြစ်သည့်အတွက် စီမံချက်ကာလသက်တမ်းတိုးရေးနှင့်စပ်လျဉ်း၍လုပ်ငန်းကော်မတီဝင်များ၏ သဘောထားအမြင်များ၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၏ အားနည်းချက်/ အားသာချက်များကိုလည်း ထည့်သွင်း ဆွေးနွေးပေးရန် ပြောကြားပါသည်။

ဆက်လက်၍ အမျိုးသားအဆင့်လုပ်ငန်းစီမံချက် အကောင်အထည်ဖော်မှု တတိယသက်တမ်း၏ ပထမ (၆)လပတ် အစီရင်ခံစာ(မူကြမ်း) ရေးသားထားမှုအပေါ် အစည်းအဝေးတက်ရောက်လာသောလုပ်ငန်းကော်မတီဝင်များမှ အကြံပြုဆွေးနွေးခဲ့ပါသည်။ ၎င်းနောက် လုပ်ငန်းကော်မတီ၊ ဒုတိယဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယအမြဲတမ်းအတွင်းဝန်က နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို နေ့လယ်(၁၅:၀၀)နာရီတွင် ရုပ်သိမ်းခဲ့ပါသည်။

## မြန်မာအမျိုးသမီးများနေ့ အကြိုလှုပ်ရှားမှုအဖြစ် Gender CEDAW နှင့် NSPAW အသိပညာပေး ဆွေးနွေးပွဲ

**၂၀၂၄ခုနှစ်၊ ဇွန်လ (၁၁)ရက်** **ပဲခူးတိုင်းဒေသကြီး**



ပဲခူးမြို့၊ အမှတ်(၁) မူလတန်းကြိုကျောင်းတွင် (၁၁.၆.၂၀၂၄)ရက်၌ ပဲခူးတိုင်းဒေသကြီးအမျိုးသမီးကော်မတီက ကြီးမှူးကျင်းပသော Gender, CEDAW, NSPAW အသိပညာပေး အစီအစဉ်ကို ကျင်းပခဲ့ရာ ပဲခူးခရိုင်အတွင်းရှိ အမျိုးသမီးကော်မတီဝင်များ၊ ပဲခူးမြို့နယ် အမျိုးသမီးကော်မတီဝင်များ၊ အမျိုးသမီးကဏ္ဍ စိတ်ဝင်စားသူ စုစုပေါင်း (၆၇) ဦး တက်ရောက်ခဲ့ ကြပါသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ဝေါမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေး

ခန်းမတွင် (၂၅.၆.၂၀၂၄) ရက်၌ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ (၃) ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ အကြိုလှုပ်ရှားမှုအဖြစ် Gender,CEDAW နှင့် NSPAW အသိပညာပေး ဆွေးနွေးပွဲကို ကျင်းပရာ ဝေါမြို့နယ် အမျိုးသမီးကော်မတီဝင်များနှင့် အမျိုးသမီးများအရေးကို တက်ကြွစွာ လုပ်ကိုင် ဆောင်ရွက်နေသူ(၈၀)ဦး တက်ရောက်ခဲ့ပါသည်။ ဆွေးနွေးပွဲတွင် ပဲခူးတိုင်းဒေသကြီး အမျိုးသမီးကော်မတီ၊ အတွင်းရေးမှူးပဲခူးတိုင်းလူမှုဝန်ထမ်းရုံးမှ ညွှန်ကြားရေးမှူး ဒေါ်သန္တာထွေးက Gender, CEDAW နှင့် NSPAW အကြောင်းကို အသိပညာပေးခဲ့ပြီး တက်ရောက်သူများက သိလိုသည်များ မေးမြန်းကာ ဆွေးနွေးပွဲကို အောင်မြင်စွာ ရုတ်သိမ်းခဲ့ပါသည်။

## ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းကြီးကြပ်ရေး အဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး နှင့် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကော်မတီ အစည်းအဝေးများကျင်းပခြင်း

**၂၀၂၄ခုနှစ်၊ ဇွန်လ (၁၂)ရက်** **မကွေးတိုင်းဒေသကြီး**



မကွေးတိုင်းဒေသကြီးလူမှုဝန်ထမ်းရုံးအစည်းအဝေးခန်းမ၌ ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအား (၁၂.၆.၂၀၂၄)ရက်၊ နံနက်(၈:၀၀) နာရီအချိန်တွင် ကျင်းပခဲ့ရာ မကွေးတိုင်းဒေသကြီး ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းကော်မတီ ဥက္ကဋ္ဌ၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးရာဝန်ကြီးမှ အဖွင့်အမှာစကားပြောကြားခဲ့ပြီး၊ မကွေးတိုင်းဒေသကြီး ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းကြီးကြပ်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းကော်မတီ အတွင်းရေးမှူး၊ မကွေးတိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှ ညွှန်ကြားရေးမှူးက ရှေးဦးအရွယ်ကလေးသူငယ်များနှင့် ပတ်သက်ပြီး ရန်ပုံငွေဆိုင်ရာ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများ၊ တိုင်းဒေသကြီး အတွင်းရှိ ဌာနပိုင်မူလတန်းကြိုကျောင်းများ၊ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများနှင့် ပုဂ္ဂလိကမူလတန်းကြိုကျောင်းများနှင့် စပ်လျဉ်း၍ တင်ပြခဲ့ပြီး တက်ရောက်လာသော ကော်မတီဝင်များမှ မိမိတို့ဌာနအနေဖြင့် ဆောင်ရွက်ခဲ့သည်များအား တင်ပြခဲ့ကြပြီး အစည်းအဝေးကို နံနက် (၀၉:၃၀) အချိန်တွင် ရုတ်သိမ်းခဲ့ပါသည်။

ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအား နံနက်(၁၀:၀၀)နာရီအချိန်တွင် ကျင်းပခဲ့ရာ မကွေးတိုင်းဒေသကြီး ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီဥက္ကဋ္ဌ၊ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ လူမှုရေးရာဝန်ကြီးမှ အဖွင့်အမှာစကား ပြောကြားခဲ့ပြီး၊ မကွေးတိုင်းဒေသကြီး ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီအတွင်းရေးမှူး၊ မကွေးတိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှ ညွှန်ကြားရေးမှူးက ကလေးသူငယ်အခွင့်အရေးများနှင့် ပတ်သက်ပြီး ရှင်းလင်းတင်ပြရာ တက်ရောက်လာသော ကော်မတီဝင်များမှ မိမိတို့ဌာနအနေဖြင့် ဆောင်ရွက်ခဲ့သည်များအား တင်ပြခဲ့ကြပြီး အစည်းအဝေးကို နံနက်(၁၁:၅၅)အချိန်တွင် ရုတ်သိမ်းခဲ့ပါသည်။

## မွန်ပြည်နယ်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပခြင်း

**၂၀၂၄ခုနှစ်၊ ဇွန်လ (၁၂)ရက်** **မွန်ပြည်နယ်**



မွန်ပြည်နယ် ကလေးသူငယ် အခွင့်အရေးများ ဆိုင်ရာကော်မတီ၏ ဦးဆောင်မှုဖြင့် မွန်ပြည်နယ် ကလေး သူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီလုပ်ငန်းညှိနှိုင်း အစည်းအဝေးကို (၁၂.၆.၂၀၂၄) ရက်၊ နံနက် (၀၉း၀၀) နာရီအချိန်တွင်မွန်ပြည်နယ်လူမှုဝန်ထမ်းရုံးအစည်းအဝေး ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ အစည်းအဝေး တွင် မွန်ပြည်နယ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီ ဥက္ကဋ္ဌ၊ မွန်ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးရာ ဝန်ကြီး ဦးစောကြည်နိုင်က အဖွင့်အမှာစကား ပြောကြား ပြီး မွန်ပြည်နယ် လူမှုဝန်ထမ်းရုံး ညွှန်ကြားရေးမှူး ဒေါ်ယဉ်ယဉ်ပြုံးက ကလေးသူငယ်ကာကွယ်စောင့်ရှောက် ရေး လုပ်ငန်းဆောင်ရွက်ချက်များကို Power Point ဖြင့် အသေးစိတ်ရှင်းလင်း တင်ပြခဲ့ပါသည်။

ထို့နောက် တက်ရောက်လာကြသော ဌာနဆိုင်ရာ ကော်မတီဝင်များ၊ ကလေးသူငယ်ကာကွယ် စောင့်ရှောက် ရေး လုပ်ငန်းဆောင်ရွက်နေသော အဖွဲ့အစည်းများက မိမိတို့ကဏ္ဍအလိုက် တင်ပြဆွေးနွေးကြပါသည်။ ထို့နောက် တက်ရောက်လာကြသူများက ရှေ့လုပ်ငန်းစဉ်များ ချမှတ် ကြပြီး၊ မွန်ပြည်နယ်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီ ဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုတ်သိမ်းလိုက်ပါသည်။

အစည်းအဝေးသို့ မွန်ပြည်နယ် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကော်မတီ ဥက္ကဋ္ဌ၊ မွန်ပြည်နယ် အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး၊ ပြည်နယ်ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကော်မတီဝင်များ၊ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေ သော လူမှုရေးအသင်းအဖွဲ့များ၊ ပြည်နယ်လူမှုဝန်ထမ်းရုံး မှ တာဝန်ရှိသူများ စုစုပေါင်း (၃၅) ဦး တက်ရောက်ခဲ့ကြပါ သည်။

ထို့နောက် လူမှုရေးရာဝန်ကြီးသည် မူလတန်းကြို ကျောင်းအမှတ် (၁) မော်လမြိုင်သို့ သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ပါသည်။

## ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အသိပညာပေးဟောပြောပွဲ

**၂၀၂၄ခုနှစ်၊ ဇွန်လ (၁၃)ရက်** **ပဲခူးတိုင်းဒေသကြီး**



ကလေးသူငယ်အခွင့်အရေး အသိပညာပေး ဟောပြောပွဲကို ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ အ.ထ.က (၆) တွင် (၁၃.၆.၂၀၂၄) ရက်၌ ကျင်းပခဲ့ရာ ပဲခူးတိုင်းဒေသကြီး၊ လူမှုဝန်ထမ်းရုံးမှ ညွှန်ကြားရေးမှူးက ကလေးသူငယ် အခွင့်အရေးများကိုလည်းကောင်း၊ ပဲခူးမြို့ မူကြို (၁)မှ

ကျောင်းအုပ်ကြီးက ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေပါ အခွင့်အရေးများအကြောင်းနှင့် ပြစ်မှု၊ ပြစ်ဒဏ်များ အကြောင်းတို့ကို ရှင်းလင်းပြောကြားခဲ့ပါသည်။

(၁၄.၆.၂၀၂၄) ရက်တွင် ပဲခူးမြို့၊ အ.ထ.က (၈) ၌ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ကျင်းပခဲ့ပါရာ ပဲခူးတိုင်းဒေသကြီး၊ လူမှုဝန်ထမ်းရုံးမှ ညွှန်ကြားရေးမှူးက အဖွင့်အမှာ စကား ပြောကြားပြီး ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေပါအခွင့်အရေးများကြောင်းကို ဟောပြောခဲ့ပါသည်။ ထို့နောက် ပဲခူးအမှတ်(၂)မူကြိုမှ ကျောင်းအုပ်ကြီးက ပြစ်မှု/ပြစ်ဒဏ်များ အကြောင်းကို ဟောပြောခဲ့ပြီး အ.ထ.က (၈) မှ ကျောင်းအုပ်ကြီးက ကျေးဇူးတင်စကား ပြန်လည် ပြောကြားခဲ့ပါသည်။အဆိုပါဟောပြောပွဲတွင် ကျောင်းသား/ကျောင်းသူ (၁၂၀) ဦးခန့် တက်ရောက်ခဲ့ကြပါသည်။

## အခြေခံပညာ Grade-12 အောင်မြင်သည့် ကျောင်းသား/သူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနား ကျင်းပခြင်း

**၂၀၂၄ခုနှစ်၊ ဇွန်လ (၁၆)ရက်** **ရန်ကုန်တိုင်းဒေသကြီး**



၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် အခြေခံပညာ Grade-12 အောင်မြင်သည့် လူမှုဝန်ထမ်းဦးစီးဌာန၊ ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်းမှ ကျောင်းသား (၂)ဦး၊ ၄က်အော်စမ်းလူငယ် သင်တန်းကျောင်းမှ ကျောင်းသား (၂)ဦး၊ အမျိုးသမီးကလေးများသင်တန်းကျောင်း (ရန်ကုန်) မှ ကျောင်းသူ(၂)ဦး၊ လပွတ္တာလူငယ့်အားမာန်သင်တန်း ကျောင်းမှ ကျောင်းသူ (၂) ဦး၊ ကြည့်မြင်တိုင် မျက်မမြင် ကျောင်းမှ ကျောင်းသား (၁) ဦး၊ ကျောင်းသူ (၁) ဦး စုစုပေါင်း ကျောင်းသား /သူ (၁၀)ဦး အား တစ်ဦးလျှင် ကျပ် (၁၀၀,၀၀၀/-)နှုန်းဖြင့် သက်ဆိုင်ရာကျောင်း၏ အလှူရန်ပုံငွေမှ ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို (၁၆.၆.၂၀၂၄)ရက် နံနက် (၁၀:၀၀)နာရီတွင် လူမှုဝန်ထမ်း အတတ်သင်သိပ္ပံ ကျောင်းခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ လူမှုဝန်ထမ်းဦးစီး ဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(လုပ်ငန်း)မှ အဖွင့်အမှာ စကား ပြောကြားခဲ့ပြီး ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးခဲ့ပါ ကြောင်း၊ ဆုရကျောင်းသား/သူများကိုယ်စား လပွတ္တာ လူငယ့်အားမာန်သင်တန်းကျောင်းမှ ကျောင်းသူတစ်ဦး က ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ပါသည်။



အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံး၊ ခရိုင်လူမှုဝန်ထမ်းရုံးများနှင့် ဌာနငယ်/သင်တန်းကျောင်းများမှ တာဝန်ရှိသူများနှင့် ဆုရ ကျောင်းသား/သူများ စုစုပေါင်း (၄၀) ဦး တက်ရောက်ခဲ့ ကြပြီး အခမ်းအနားကို နံနက်(၁၁:၃၀)နာရီအချိန်တွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပါသည်။

လူမှုရေးရာများနှင့်ပတ်သက်လျှင်
HELP LINE
၀၆၇-၃၄၀ ၄၂၂၂
၀၆၇-၃၄၀ ၄၉၉၉
သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်လျှင်
HOT LINE
၀၆၇-၃၄၀ ၄၆၆၆
၀၆၇-၃၄၀ ၄၇၇၇
၂၄-နာရီ စုံစမ်းမေးမြန်းနိုင်ပြီး လိုအပ်သည့်အကူအညီများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၄ခုနှစ်၊ ဇွန်လအတွင်း သဘာဝဘေးအသိပညာပေးဟောပြောပွဲပြုလုပ်ခြင်း



(၁၁-၆-၂၀၂၄) ရက်နေ့တွင် ကရင်ပြည်နယ် ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် လူမှုဝန်ထမ်းဦးစီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာနတို့နှင့်ပူးပေါင်း၍ ဘားအံမြို့ အ.ထ.က(၂) စာသင်ကျောင်းတွင် ဆရာ/ဆရာမ(၈)ဦးနှင့် ကျောင်းသား/သူ (၁၅၈) ဦး၊ စုစုပေါင်း (၁၆၆) ဦးတို့အား လည်းကောင်း၊ (၁၂-၆-၂၀၂၄) ရက်နေ့တွင် ဘားအံမြို့ အ.ထ.က (နောင်ကမြိုင်)ကျောင်း၌ ဆရာ/ ဆရာမ(၁၀)ဦး နှင့် ကျောင်းသား/သူ (၁၆၈)ဦး၊ စုစုပေါင်း(၁၇၈)ဦးတို့အား လည်းကောင်း၊ (၁၃-၆-၂၀၂၄) ရက်နေ့တွင် ဘားအံမြို့ အ.ထ.က(ခွဲ) (၂) စာသင်ကျောင်း ၌ ဆရာ/ ဆရာမ (၅)ဦး နှင့် ကျောင်းသား/သူ (၁၆၀) ဦး၊ စုစုပေါင်း (၁၆၅) ဦးတို့ အားလည်းကောင်း၊ (၁၆-၆-၂၀၂၄)ရက်နေ့တွင် ဘားအံမြို့၊ တောင်တန်းသာသနာပြုဘုန်းကြီးကျောင်း၌ ကျောင်းသား/ သူ (၁၂၀) ဦးတို့အားလည်းကောင်း၊ ဘားအံခရိုင်ဦးစီးမှူးရုံး မှ တာဝန်ရှိသူများသည် (၁၇-၆-၂၀၂၄) ရက်နေ့တွင် ဘားအံမြို့၊ အ.ထ.က(၄)စာသင်ကျောင်း၌ ကျောင်းသား/သူ စုစုပေါင်း (၁၈၀) ဦးတို့အားလည်းကောင်း၊ (၁၉-၆-၂၀၂၄) ရက်နေ့တွင် ဘားအံမြို့၊ အ.ထ.က (၁) စာသင်ကျောင်း၌ ဆရာ/ဆရာမ(၈)ဦးနှင့် ကျောင်းသား/သူ(၂၀၀)ဦး၊ စုစုပေါင်း (၂၀၈)ဦးနှင့်ဘားအံမြို့၊ အ.ထ.က(၃)ကျောင်း၌ ကျောင်းသား/ သူ စုစုပေါင်း(၁၉၄)ဦးတို့အားလည်းကောင်း၊(၂၀-၆-၂၀၂၄) ရက်နေ့တွင် ဘားအံမြို့၊ အ.ထ.က(၅)ကျောင်း၌ ကျောင်းသား/ သူ စုစုပေါင်း (၁၄၀) ဦးနှင့် အစိုးရနည်းပညာအထက်တန်း ကျောင်း၌ ဆရာ/ ဆရာမ (၁၁) ဦးနှင့် ကျောင်းသား /သူ (၁၂၈)ဦး၊ စုစုပေါင်း (၁၃၉) ဦးတို့အား လည်းကောင်း သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန်အချက်များ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာကိစ္စ ရပ်များ၊ တောမီးအန္တရာယ်များနှင့် ရာသီဥတုပြောင်းလဲမှု ဆိုင်ရာကိစ္စရပ်များအား ဟောပြော ဆွေးနွေးခဲ့ပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဝေငှခြင်းနှင့် သဘာဝဘေးအသိပညာပေး ဗီနိုင်းပိုစတာ ဖြန့်ဝေခြင်းတို့ ကို ဆောင်ရွက်ခဲ့ပါသည်။



လှိုင်းဘွဲ့မြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများ သည် မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန၊ မြို့နယ်ပြန်လည်ထူထောင်ရေးဦးစီးဌာနတို့နှင့်ပူးပေါင်း၍ (၁၁-၆-၂၀၂၄) ရက်နေ့တွင် လှိုင်းဘွဲ့မြို့၊ အခြေခံပညာ အထက်တန်းကျောင်း၌ ကျောင်းသား/သူစုစုပေါင်း (၁၅၀)ဦး တို့အားလည်းကောင်း၊(၁၂-၆-၂၀၂၄)ရက်နေ့တွင် လှိုင်းဘွဲ့မြို့၊ အခြေခံပညာ အလယ်တန်းကျောင်း၌ ကျောင်းသား/သူ စုစုပေါင်း (၁၂၀) ဦးတို့အားလည်းကောင်း၊ (၁၉-၆-၂၀၂၄) ရက်နေ့တွင် လှိုင်းဘွဲ့မြို့၊ ကွမ်တာကျေးရွာ၊ အခြေခံပညာ

အထက်တန်းကျောင်း(ခွဲ)၌ ကျောင်းသား/သူ စုစုပေါင်း (၁၅၀)ဦးတို့အားလည်းကောင်း သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ ဆောင်ရန်/ရှောင်ရန်အချက်များ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များ၊ တောမီးအန္တရာယ်နှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ အသိပညာပေးဟောပြောဆွေးနွေးခြင်း၊ လက်ကမ်းစာစောင်များနှင့် ဗီနိုင်းပိုစတာပေးအပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။



(၁၃-၆-၂၀၂၄)ရက်နေ့တွင် သထုံခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် မွန်ပြည်နယ်၊သထုံခရိုင်၊သထုံမြို့နယ် အ.မ.က(မူလွန်)ကျောင်းကုန်းရှိ ကျောင်းသား/သူ(၁၀၀)ဦး ခန့်အား သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး ဟောပြောခြင်း၊ လက်ကမ်းစာစောင်များ၊ ဗီနိုင်းပိုစတာများ နှင့် စာအုပ်များဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။



(၂၀-၆-၂၀၂၄)ရက်နေ့တွင် မင်းလှမြို့နယ်ဦးစီးမှူးရုံး မှ တာဝန်ရှိသူများသည် သာယာဝတီခရိုင်၊ မင်းလှမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ အခြေခံပညာအထက်တန်းကျောင်း (မြို့တွင်း)၌ ဆရာ/ ဆရာမနှင့် ကျောင်းသား/သူ (၁၀၀) ဦး ခန့်အား သဘာဝဘေးအသိပညာပေးသရုပ်ပြဟောပြောခြင်း၊ ဘောပင်များ၊ လက်ကမ်းစာစောင်များဝေငှခြင်း၊ ငလျင်ဘေး ဗီနိုင်း၊ မြေပြိုဘေးဗီနိုင်းနှင့် ငလျင်ဘေးပိုစတာများ ပေးအပ်ခြင်းတို့ကို ဌာနဆိုင်ရာများနှင့် အတူပူးပေါင်း ဆောင်ရွက်ခဲ့ပါသည်။



(၂၁-၆-၂၀၂၄) ရက်နေ့တွင် ပုသိမ်ခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း (ပုသိမ်မြို့)၌ ဆရာ/ ဆရာမနှင့် ကျောင်းသား/ သူ စုစုပေါင်း (၇၀) ဦးတို့ အား ဦးစီးဌာန၏ ဆောင်ရွက်နေသောလုပ်ငန်းများ၊ သဘာဝဘေးနှင့်ပတ်သက်သော ဆောင်ရန်/ ရှောင်ရန် အသိပညာ ဗဟုသုတများအား ဟောပြောဆွေးနွေးခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ ပါသည်။



(၂၁-၆-၂၀၂၄) ရက်နေ့တွင် နွားထိုးကြီးမြို့နယ် ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ နွားထိုးကြီးမြို့၊ အမှတ်(၅) ရပ်ကွက်ရှိ အ.ထ.က ကျောင်း၌ ကျောင်းသား/ သူ (၁၀၀)ဦးအား သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြော ဆွေးနွေးခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း တို့ကို ဆောင်ရွက်ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၄ခုနှစ်၊ ဇွန်လအတွင်း ဇာတ်တိုက်လေ့ကျင့်ခန်းဆောင်ရွက်မှု



(၁၉-၆-၂၀၂၄)ရက်နေ့တွင် မင်းဘူးခရိုင်ဦးစီးမှူးရုံး မှတာဝန်ရှိသူများသည် မင်းဘူးခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ မင်းဘူးခရိုင်သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌနှင့် ခရိုင်/မြို့နယ် အဆင့်အဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပရဟိတ အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များ၊ အမှတ် (၂) မြို့မကျောင်းမှ ဆရာ/ ဆရာမ များ၊ ကျောင်းသား/သူများနှင့် အမှတ်(၃)ရပ်ကွက် ဒေသခံ ပြည်သူများ၊ စုစုပေါင်း(၃၀၀)ခန့်ဖြင့် ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးသဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်ခန်း ပြုလုပ်ဆောင်ရွက်ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၄ခုနှစ်၊ ဇွန်လအတွင်း သင်တန်းဖွင့်လှစ်ခြင်း



ဥတ္တရခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ဥတ္တရခရိုင်၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ (၅-၆-၂၀၂၄) ရက်နေ့တွင် (မြို့နယ် အဆင့်) ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအခြေခံသင်တန်း အမှတ်စဉ်(၆/၂၀၂၄)ကို မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန် ရှိသူများ၊ သင်တန်းသား/ သူ (၃၀) ဦးနှင့် သင်တန်းနည်းပြ (၆) ဦးတို့ဖြင့် ဖွင့်လှစ်ခဲ့ပါသည်။



ပေါင်မြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် မွန်ပြည်နယ်၊သထုံခရိုင်၊ပေါင်မြို့နယ်၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ဝါရီရှူခန်းမ၌ (၁၉-၆-၂၀၂၄) ရက်နေ့တွင် သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်း လူငယ် (ဆင့်ပွား) သင်တန်းကို ပေါင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် များ၊ မြို့နယ်သဘာဝဘေးစီမံခန့်ခွဲမှုအဖွဲ့ကော်မတီဝင်များနှင့် သင်တန်းသား/သူ စုစုပေါင်း(၅၀)ဦးတို့ဖြင့် ဖွင့်လှစ်ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၄ခုနှစ်၊ ဇွန်လအတွင်း မီးဘေးထောက်ပံ့မှုများ




(၁-၆-၂၀၂၄)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ်၊ တမွဲဝတီရပ်ကွက်၊ကြေးသွန်းလမ်း၌ Chanse Over ခလုတ်အပူလွန်ကဲ၍ ဝါယာရှော့ဖြစ်ပြီး မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ရာ တစ်စိတ်တစ်ပိုင်းပျက်စီးနေအိမ်(၁)လုံးအတွက်အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ်(၅၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ(၁)ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ်(၂,၁၀၀/-)တို့ကို (၃-၆-၂၀၂၄)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ် အတွင်း တိုက်ပွဲများဖြစ်ပွားမှုကြောင့် မီးလောင်ပျက်စီး ဆုံးရှုံးခဲ့သည့် နေအိမ်(၂၀၄)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ် (၄၀,၈၀၀, ၀၀၀/-)၊ အိမ်ထောင်စု(၂၀၀)စုမှ လူဦးရေ (၁၀၇၅) ဦးတို့အတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၂,၂၅၇,၅၀၀/-)၊ ကယ်ဆယ်ရေးပစ္စည်း (၁၇) မျိုးတို့ကို (၆-၆-၂၀၂၄) ရက်နေ့နှင့် (၇-၆-၂၀၂၄) ရက်နေ့တို့တွင် ကော့ကရိတ်ခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်အတွင်း တိုက်ပွဲများဖြစ်ပွားမှုကြောင့် မီးလောင်ပျက်စီး ဆုံးရှုံးခဲ့သည့် နေအိမ် (၂၇) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ်(၅,၄၀၀,၀၀၀/-)၊ အိမ်ထောင်စု(၂၇)စုမှ လူဦးရေ (၁၀၄) ဦးတို့အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၂၁၈,၄၀၀/-)၊ စုစုပေါင်း (၅,၆၁၈,၄၀၀/-)နှင့်ကယ်ဆယ်ရေး ပစ္စည်း(၁၇)မျိုးတို့ကို (၈-၆-၂၀၂၄)ရက်နေ့နှင့် (၁၀-၆-၂၀၂၄) ရက်နေ့တို့တွင် ကော့ကရိတ်ခရိုင်ဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၄ခုနှစ်၊ ဇွန်လအတွင်း လေဘေးထောက်ပံ့မှုများ

(၃-၆-၂၀၂၄)ရက်နေ့တွင် သထုံမြို့နယ်၊ သိမ်ကုန်းရပ်ကွက်၌ လေပြင်းတိုက်ခတ်မှုကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီးလူနေအိမ် (၅) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေ (၁၂၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၁၆) ဦး တို့အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ်(၃၃,၆၀၀/-)တို့ကို (၄-၆-၂၀၂၄) ရက်နေ့တွင် သထုံခရိုင်ဦးစီးမှူးရုံးမှ

သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၇-၆-၂၀၂၄) ရက်နေ့တွင် မြောင်းမြခရိုင်၊ အိမ်မဲမြို့နယ်၊ နီစပ်ကြီးကျေးရွာအုပ်စု၊ နီစပ်ကြီး ကျေးရွာ၌ လေပြင်းတိုက်ခတ်မှုကြောင့် လုံးဝပျက်စီးလူနေအိမ်(၁)လုံး အတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၁၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၄) ဦးတို့အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ်(၈,၄၀၀/-)နှင့်ကယ်ဆယ်ရေး ပစ္စည်း(၁၇)မျိုးတို့ကို (၁၀-၆-၂၀၂၄)ရက်နေ့တွင် မြောင်းမြခရိုင် ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၁၂-၆-၂၀၂၄) ရက်နေ့တွင် ပုသိမ်ခရိုင်၊ ပုသိမ်မြို့၊ အမှတ် (၁၅) ရပ်ကွက်၌ လေပြင်းတိုက်ခတ်မှုကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီးလူနေအိမ် (၃) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၅၀,၀၀၀/-)၊ ဘေးသင့်အိမ်ထောင်စု (၃) စုမှ၊ လူဦးရေ (၆) ဦးတို့အတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၁၂,၆၀၀/-)၊ စုစုပေါင်း ထောက်ပံ့ငွေကျပ်(၆၂,၆၀၀/-)တို့ကို (၁၃-၆-၂၀၂၄)ရက်နေ့တွင် ပုသိမ်ခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၁၂-၆-၂၀၂၄)ရက်နေ့တွင် ဘားအံမြို့နယ်၊ ဖားအွံ့ကျေးရွာအုပ်စု၊ မိန်းမလှကျွန်းကျေးရွာ၌ လေပြင်းတိုက်ခတ်မှုကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီးလူနေအိမ်(၆)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၃၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ(၂၂)ဦးတို့အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၄၆,၂၀၀/-) တို့ကို (၁၇-၆-၂၀၂၄) ရက်နေ့တွင် ဘားအံခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၄ခုနှစ်၊ ဇွန်လအတွင်း ရေဘေးထောက်ပံ့မှုများ



(၄-၆-၂၀၂၄)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ်၊ ဆည်ပေါက်ကျေးရွာအုပ်စု၊ ဆည်ပေါက်ကျေးရွာ၌ မိုးသည်းထန်စွာ ရွာသွန်းပြီး ဆည်ပေါက်ချောင်းရေကျချိန် ချောင်းအား ဖြတ်ကူးမှုကြောင့် ချောင်းရေထဲတွင် မျောပါသေဆုံးခဲ့သူ (၁)ဦးအတွက် သေဆုံးထောက်ပံ့ငွေကျပ် (၃၀၀,၀၀၀/-) ကို

(၆-၆-၂၀၂၄) ရက်နေ့တွင် ညောင်ဦးခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၁၂-၆-၂၀၂၄)ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းခရိုင်၊ ရန်ကင်းမြို့နယ်၊ အမှတ်(၁၂)ရပ်ကွက်၊ သစ္စာလမ်း၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပင်စည်အခြေအမြစ်မှ ကျွတ်ထွက်ပြီး နေအိမ်ပေါ်သို့လဲကျခဲ့ရာ လုံးဝပျက်စီးလူနေအိမ်(၁)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ်(၁၀၀,၀၀၀/-)၊ဘေးသင့်လူဦးရေ(၂)ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၄,၂၀၀/-)နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုးတို့ကို ရန်ကုန်အရှေ့ပိုင်းခရိုင် ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၄ခုနှစ်၊ ဇွန်လအတွင်း မြေပြိုဘေးထောက်ပံ့မှုများ

(၁၈-၆-၂၀၂၄)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းခရိုင်၊ မိုးကုတ်မြို့နယ်၊ မင်းတံတားရပ်ကွက်၊ နယ်မြေ(၆)ရပ်၌မိုးသည်းထန်စွာရွာသွန်းပြီးတောင်ကမ်းပါးယံမြေသားပြိုကျမှုကြောင့် တစ်စိတ်တစ်ပိုင်းပျက်စီးနေအိမ်(၁)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ်(၅၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ(၆)ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ်(၁၂,၆၀၀/-)တို့ကို (၂၀-၆-၂၀၂၄)ရက်နေ့တွင် ပြင်ဦးလွင်ခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။




## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၄ခုနှစ်၊ ဇွန်လအတွင်း မိုးကြိုးဘေးထောက်ပံ့မှုများ



(၁၆-၆-၂၀၂၄) ရက်နေ့တွင် ပုသိမ်ခရိုင်၊ ကန်ကြီးထောင့်မြို့နယ်၊ ဒီးဒုတ်အုပ်စု၊ ကျွဲခေါင်းကျေးရွာတွင် လျှပ်စီးမိုးကြိုးထိမှန်၍ မီးလောင်မှုဖြစ်ပွားခဲ့မှုကြောင့် လုံးဝပျက်စီး လူနေအိမ် (၁) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ်(၂၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၃) ဦး အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၆,၃၀၀/-)၊ စုစုပေါင်း(၂၀၆,၃၀၀/-)နှင့် ကယ်ဆယ်ရေးပစ္စည်း(၁၇)မျိုးတို့ကို (၁၉-၆-၂၀၂၄) ရက်နေ့တွင် ပုသိမ်ခရိုင်ဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။

(၂၁-၆-၂၀၂၄) ရက်နေ့တွင် မြောင်းမြခရိုင်၊ အိမ်မဲမြို့နယ်၊ ဇရပ်ဆိပ်ကျေးရွာအုပ်စု၊ ရိုးကြီးကျေးရွာ၌ မိုးကြိုးထိမှန်၍ လူ(၁)ဦးသေဆုံးခဲ့သည့်အတွက် သေဆုံးထောက်ပံ့ငွေကျပ်(၃၀၀,၀၀၀/-)ကို (၂၄-၆-၂၀၂၄) ရက်နေ့တွင် မြောင်းမြခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၄ခုနှစ်၊ ဇွန်လအတွင်း သောက်သုံးရေထောက်ပံ့မှု

(၁၄-၆-၂၀၂၄) က်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ ဆိပ်ကြီးခနောင်တိုမြို့နယ်၊ ရပ်ကွက် (၄) ရပ်ကွက်၌ သောက်သုံးရေလိုအပ်မှုရှိသည့် လူဦးရေ (၄၀၅၀)ဦးတို့အတွက် သောက်သုံးရေ (၂၇၀,၀၀၀) ဂါလံတို့ကို ရန်ကုန်တောင်ပိုင်းခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၄ခုနှစ်၊ ဇွန်လအတွင်း ထူခြားဖြစ်စဉ်အတွက်ထောက်ပံ့မှုများ



(၉-၅-၂၀၂၄)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ မြင်းခြံမြို့နယ်၊ ဖက်ပင်အိုင် ကျေးရွာအုပ်စု၊ ဆုံရွာကျေးရွာ၌ အကြမ်းဖက်များမှ ဝင်ရောက်တိုက်ခိုက်မီးရှို့ခဲ့မှုကြောင့် လုံးဝပျက်စီးလူနေအိမ် (၈၂) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ်(၉,၇၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၃၃၂) ဦးတို့အတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၆၉၇,၂၀၀/-)၊ သေဆုံး လူဦးရေ (၃၆) ဦးအတွက် သေဆုံးထောက်ပံ့ငွေကျပ် (၁၀,၈၀၀,၀၀၀/-)နှင့် ကယ်ဆယ်ရေးပစ္စည်း(၁၆)မျိုးတို့ကို(၁၁-၆-၂၀၂၄)ရက်နေ့တွင်မြင်းခြံခရိုင်ဦးစီးမှူးရုံးမှသွားရောက်ထောက်ပံ့ခဲ့ပါသည်။

## မသန်စွမ်းအသင်းအဖွဲ့များမှတ်ပုံတင်လျှောက်ထားခြင်းနှင့်ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေး ကျင်းပခြင်း

**၂၀၂၄ခုနှစ်၊ ဇွန်လ (၁၄)ရက်** **နေပြည်တော်**

မသန်စွမ်းအသင်းအဖွဲ့များ မှတ်ပုံတင်လျှောက်ထားခြင်းနှင့် ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကို ပြည်လည်ထူထောင်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ (၁၄-၆-၂၀၂၄) ရက်နေ့၊ နေ့လယ် (၁၄:၀၀) နာရီအချိန်တွင် ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ ကျင်းပပြုလုပ်ခဲ့ပါသည်။




ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး

မူးယစ်ပြန်လည်ထူထောင်ရေးလုပ်ငန်း

ထိခိုက်လွယ်အုပ်စုများ ပြန်လည်ထူထောင်ရေး

## ထိုင်းနိုင်ငံသို့ လူကုန်ကူးခံရသူ မြန်မာနိုင်ငံသား အမျိုးသား(၂)ဦးအား မြဝတီ-မဲဆောက် လမ်းကြောင်းမှတဆင့် လွှဲပြောင်းလက်ခံခြင်း

**၂၀၂၄ခုနှစ်၊ ဇွန်လ (၂၄)ရက်** **နေပြည်တော်**




မြန်မာနိုင်ငံ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာနနှင့် ထိုင်းနိုင်ငံ၊ လူမှုဖွံ့ဖြိုးတိုးတက်ရေးနှင့် လူသားလုံခြုံရေးဝန်ကြီးဌာနတို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် Pathumthani Shelter တွင် လက်ခံစောင့်ရှောက်ထားသော မြန်မာနိုင်ငံသား လူကုန်ကူးခံရသူများအနက် မြန်မာနိုင်ငံတွင် နိုင်ငံသားစိစစ်မှုရရှိပြီး ထိုင်းနိုင်ငံတွင် တရားရုံး သက်သေထွက်ဆိုပြီးသည့် လူကုန်ကူးခံရသူ အမျိုးသား(၂)ဦးအား (၁၉.၆.၂၀၂၄)ရက်နေ့၊ နံနက်(၁၀း၀၀) နာရီအချိန်တွင် မြဝတီ-မဲဆောက် လမ်းကြောင်းမှတစ်ဆင့် လွှဲပြောင်းလက်ခံခဲ့ပါသည်။

ယင်းသို့ပြန်လည်လွှဲပြောင်းပေးရာတွင်ထိုင်းနိုင်ငံ၊ မဲဆောက်မြို့၊ တပ်(ခ်)ခရိုင်၊ Tak-Immigration ခန်းမ၌ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ယာယီလက်ခံစောင့်ရှောက်ရေးဂေဟာ၊ မြဝတီမြို့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အမှတ်(၁) လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စိတ် (မြဝတီ)၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခရိုင်လူမှုဝန်ထမ်းရုံး၊ မြဝတီခရိုင် အမျိုးသမီးရေးရာအဖွဲ့နှင့် ထိုင်းနိုင်ငံမှ တာဝန်ရှိသူများပူးပေါင်း၍ ပြန်လည်လွှဲပြောင်းလက်ခံ ပြီးနောက် ယာယီလက်ခံစောင့်ရှောက်ရေးဂေဟာ၊ မြဝတီမြို့သို့ပို့ဆောင်ခဲ့ပါသည်။ ၎င်းတို့(၂)ဦးအား (၁၉.၆.၂၀၂၄)ရက်နေ့မှ (၂၁.၆.၂၀၂၄) ရက်နေ့အထိ ယာယီ လက်ခံစောင့်ရှောက်ခဲ့ပြီး ယာယီလက်ခံစောင့်ရှောက်စဉ်ကာလအတွင်း အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းခြင်း၊ ခရီးသွားထောက်ခံစာများ ထုတ်ပေးခြင်း၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စိတ်(မြဝတီ)မှ လိုအပ်သည့် စုံစမ်းမေးမြန်းမှုများ ဆောင်ရွက်ပြီးနောက် (၂၁.၆.၂၀၂၄)ရက်နေ့တွင် ၎င်းတို့၏နေရပ်သို့ ပြန်လည်စေလွှတ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးဖြစ်ကြောင်း သတင်းရရှိပါသည်။

## မူးယစ်ဆေးဖြတ်ပြီးသူများပြန်လည်ထူထောင်ရေးစခန်း(မန္တလေး)၌ စခန်းအခြေပြုပြန်လည်ထူထောင်ရေးသင်တန်းအမှတ်စဉ်(၁/၂၀၂၄) သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပခြင်း

**၂၀၂၄ခုနှစ်၊ ဇွန်လ (၂၈)ရက်** **နေပြည်တော်**



(၂၈-၆-၂၀၂၄) ရက်နေ့၊ နံနက် (၁၀:၀၀) နာရီတွင် စခန်းအခြေပြုပြန်လည်ထူထောင်ရေးသင်တန်း အမှတ်စဉ် (၁/၂၀၂၄)သင်တန်းဖွင့်ပွဲအခမ်းအနားကို မန္တလေးတိုင်းဒေသကြီး၊ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(မန္တလေး)၌ ကျင်းပခဲ့ရာ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းလှိုင်က

သင်တန်းအဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

အခမ်းအနားသို့ ပြန်လည်ထူထောင်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ယာယီလက်ခံစောင့်ရှောက်ရေးဂေဟာ(မန္တလေး)၊မန္တလေးလူငယ်သင်တန်းကျောင်း၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်မှုအသင်း(ဗဟို)၊ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(မန္တလေး)မှ အရာထမ်း/အမှုထမ်းများ၊ မူးယစ်ဆေးဖြတ်ပြန်လည်ထူထောင်မှုခံယူမည့် သင်တန်းသားများ၊ စုစုပေါင်း(၄၂)ဦးခန့် တက်ရောက်ခဲ့ပြီး ဖွင့်ပွဲအခမ်းအနားကို နံနက်(၁၁:၀၀)နာရီအချိန်တွင် အောင်မြင်စွာ ရုတ်သိမ်းခဲ့ပါသည်။

## ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ(၃)ရက်နေ့တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် အကြိုလှုပ်ရှားမှုအဖြစ် “ကိုယ်လက်လှုပ်ရှားအားကစားအစီအစဉ်” နှင့် “စာတမ်းဖတ်ပွဲ” ကျင်းပခြင်း



**၂၀၂၄ခုနှစ်၊ ဇွန်လ (၂၆)ရက်** **နေပြည်တော်**

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ (၃) ရက်နေ့တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အကြိုလှုပ်ရှားမှုအဖြစ် “ကိုယ်လက်လှုပ်ရှားအားကစားအစီအစဉ်” အခမ်းအနားကို ၂၀၂၄ ခုနှစ်၊ ဇွန်လ (၂၇) ရက်နေ့တွင် ဝဏ္ဏသိဒ္ဓိအားကစားရုံ၌ ကျင်းပရာ မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက အဖွင့်အမှာစကား ပြောကြားရာတွင် မြန်မာအမျိုးသမီးများသည် နိုင်ငံ၏ အရေးပါသောကဏ္ဍများတွင် ပါဝင်ဆောင်ရွက်နေရသည့်အပြင် မိသားစု၏ တာဝန်များကိုလည်း တာဝန်ယူဆောင်ရွက်နေကြသူများဖြစ်ပြီး နိုင်ငံ့လူဦးရေ၏ ထက်ဝက်ကျော်ရှိသဖြင့် နိုင်ငံ၏ကြီးမားသောအင်အားစုဖြစ်ပါကြောင်း၊ထို့ကြောင့်အမျိုးသမီးများ၏ ကျန်းမာကြံ့ခိုင်ရေးသည် အလွန်အရေးပါကြောင်း၊ အမျိုးသမီးများ ကျန်းမာကြံ့ခိုင်စေရန်အတွက် နေ့စဉ်ကျန်းမာရေး အလေ့အကျင့်ကောင်းများကို ဆောင်ရွက်ကြရန် နှိုးဆော်ပေးခြင်းဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။

